
ဝန်ဇင်း
Read on the move
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
ပိုဝင်ဇော်ဂျီ

# အောင်မြတ်သာနှင့်ဖိုဝင်ဇော်ဂျီ

လူသူ အရောက်ပေါက်နည်းတဲ့ မဟာဝန်တောကြီးထဲမှာ အလေ့ကျ ပေါက်နေတဲ့ သစ်ပင်ကြီး၊ သစ်ပင်ငယ်တွေက စိတ်ထင်တိုင်း ကြီးမား နေကြတယ်။

တစ်ချက်တစ်ချက် တောကောင်ကြီးများ ရဲ့ ဟိန်းဟောက်သံ၊ တော ကောင်ငယ်လေးများ ရဲ့ မြည်တွန်သံတွေက မဟာဝန် တောကြီးထဲက ထွက်ပေါ်လာခဲ့တယ်။

တောတွင်း တစ်နေရာမှာ တော့ တောင်ဝှေးတစ်ချောင်းနဲ့ နေရာ အ မှတ်အသားတွေ လုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ဦး ရှိနေတယ် ဆိုတာ သာမန်လူ တွေ ဘယ်လိုမှ မသိရှိနိုင်ခဲ့ဘူး။

ဧကထောင်ပေါင်းများ စွာ ကျယ်ဝန်းတဲ့ မဟာဝန်တောကြီးထဲမှာ စိ တ်ဝင်စားဖွယ်ရာ ကောင်းလှတဲ့ သဘာဝ ဖြစ်ရပ်ဆန်းတွေများ စွာ ဖြစ် ခဲ့ဖူးတယ်။

ရှေးအစဉ်အဆက် ဖိုဝင်ခဲ့ကြတဲ့ ဇော်ဂျီတွေရဲ့ အောင်မြင်ခြင်း အမှ တ်အသား ကျောက်တုံးတွေ၊ စေတီတွေ၊ ရုပ်တုတွေက သာမန်သူတွေ မ ရောက်နိုင်တဲ့ တောရဲ့ အလယ်ဗဟို တည့်တည့်မှာ အစီအရီ ထုလုပ်ပူ ဇော်ခဲ့ကြတယ်။

အခုလည်း ထိုနေရာမှာ ဖိုဝင်ဖို့ အတွက် ပြင်ဆင်နေတဲ့ ပုဂ္ဂိုလ်တစ်

ဦးကတော့ တစ်စုံတစ်ယောက်ကို စောင့်မျှော်ရင်း မိမိလုပ်ရမယ့် အမှုကိစ္စတွေကို ဆောင်ရွက်နေခဲ့တယ်။

မြေပြန့်တဲ့ နေရာ တစ်ခုမှာ လက်ငါးလုံးလောက်ရှိတဲ့ မြောင်းလေး တစ်မြောင်းကို တူးရင်း တောရဲ့ ဘေးဘီဝဲယာကို လိုက်ကြည့်နေခဲ့တယ်။

မြောင်းတူးပြီးတာနဲ့ အနီရောင်အင်္ကျီ အိတ်ကပ်ထဲမှာ ကတ္တီပါအိတ်လေးနဲ့ ထည့်ထားတဲ့ ဆေးလုံးသုံးလုံးကို ထုတ်ပြီး လက်ဖဝါးပေါ် တင်လိုက်တဲ့ အချိန် တောတွင်း တစ်နေရာကနေ တောတိုးတဲ့ အသံကို ကြားလိုက်ရတယ်။

တောတိုးတဲ့ အသံကို ကြားတော့ ဆေးလုံးတွေကို အိတ်ကပ်ထဲပြန်ထည့်ပြီး တောင်ဝှေးကို ထောက်ကာ ခုန်လိုက်တယ် ဆိုရင်ပဲ လူသုံးရပ်စာလောက်မြင့်တဲ့ ပိန္နဲပင်ပေါ်ကို ရောက်သွားတယ်။

အပင်ပေါ်ရောက်တာနဲ့ တောတိုးသံ ကြားတဲ့ နေရာကို လှမ်းကြည့်လိုက်တာ လူသုံးယောက် တောတွင်း တစ်နေရာကနေ ထွက်လာတာကို မြင်လိုက်ရတယ်။

တောင်ဝှေးကိုင်ထားတဲ့ ပုဂ္ဂိုလ်လည်း ထိုလူသုံးယောက်ကို မြင်တော့မှ ပိန္နဲပင်ပေါ်ကနေ ဘုတ်ခနဲ ခုန်ဆင်း လာပြီး "ဆရာတို့ ကို စောင့်နေတာ အခု ရောက်လာတော့မှ စိတ်အေးသွားတယ် သိပ်မကြာခင် နက္ခတ်တိုက်တော့မှာ မို့လို့ ဖိုဝင်ရတော့မယ် ဒီဖိုဝင်တာ အောင်မြင်တာနဲ့ တစ်နိုင်ငံလုံးပတ်ပြီး ဘုရားတည်ဖို့ ရည်စူးထားတယ် လိုအပ်တဲ့ အကူအညီတွေကို ဆရာတို့ က ပေးမယ်ဆိုလို့ စောင့်နေတာ" လို့ ပြောတော့

ယောဂီဝတ်စုံ ဝတ်ထားတဲ့ အသက်ငယ်ငယ် လူငယ်က

"အသင် လုပ်စရာရှိတဲ့ အမှုကို ပြီးဆုံးအောင်လုပ်ပါ ကျွန်ုပ်တို့ တာဝန်က သင်ဖိုဝင်တာကို ပြီးဆုံးအောင် ကူညီပေးဖို့ ဆိုတော့ ကျွန်ုပ်တို့ သင့်ဘေးမှာ ရှိနေပါမယ် သင်ဆောင်ရွက်ပါတော့" လို့ ပြောလိုက်ရင်ပဲ တောင်ဝှေး ကိုင်ထားတဲ့ ပုဂ္ဂိုလ်က အိတ်ကပ်ထဲကနေ ဆေးသုံးလုံးကို ထုတ်ပြီး

"ဒီဆေးလုံးသုံးလုံးကို ဆရာတို့ ယူထားရမယ် ကျုပ်ဖိုဝင်ပြီဆိုတာနဲ့ ဆေးသုံးလုံးထဲက အနီရောင်ဆေးလုံးကို ဟောဒီမြောင်းရဲ့ ထိပ်မှာ တင်ပေးပါ ဆေးလုံးတင်ပြီးတာနဲ့ မိုးရွာတာကို စောင့်ရပါမယ် သဘာဝမိုးရေနဲ့ ဆေးလုံးထိပြီး မြောင်းကနေ လိမ့်ဆင်း လာလိမ့်မယ် လိမ့်ဆင်းလာတဲ့ ဆေးလုံးနဲ့ ကျုပ်အသားကိုထိမှ ပထမအဆင့် အောင်မှာ ဖြစ်တယ် ပထမဆေးလုံး အောင်ရင် ဒုတိယဖြစ်တဲ့ အစိမ်းရောင်ဆေးလုံး၊ ဒုတိယအောင်ရင် တတိယဖြစ်တဲ့ အဖြူရောင် ဆေးလုံးကို ထားရမှာ ပါ ဆေးသုံးလုံးအောင်ရင် ကျုပ်ဖိုဝင်တာ အောင်မြင်ပြီ ဖိုအောင်ဖို့ အတွက် သဘာဝမိုးရေနဲ့ လုပ်ရမှာ ဖြစ်လို့ အချိန်ဘယ်လောက် ကြာမယ်ဆိုတာ ခန့်မှန်းလို့ မရဘူး ကျုပ်ဖိုဝင်တဲ့ အချိန်အတွင်း ဖိုဝင်သားကိုယူဖို့ အဖျက်အဆီး အဟန့်အတားတွေ လာနိုင်တဲ့ အတွက် ဆရာတို့ ကို အကူညီတောင်းရခြင်း ဖြစ်ပါတယ်" လို့ ပြောတော့ ယောဂီဝတ်လူငယ်က

"သင် စိတ်ဖြောင့်ဖြောင့်လုပ်ပါ သင်ဖိုဝင်တာက သာသနာအတွက် ဖြစ်လို့ ကျွန်ုပ်တို့ အစွမ်းကုန် ကူညီပေးပါ့မယ်" လို့ ကတိပေးလိုက်တော့ တောင်ဝှေးကိုင်ထားတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာ ဝင်းလက်သွားတယ်။

ဖိုဝင်မယ့်ပုဂ္ဂိုလ်က ယောဂီဝတ်လူငယ်ရဲ့ လက်ထဲကို တောင်ဝှေးအပ်ရင်း

"ဒီတောင်ဝှေးက ကျုပ်တို့ ရဲ့ ဒုတိယအသက်ဆိုလည်း မမှားဘူး

ဒါကြောင့် သင့်ကို ယုံကြည်လို့ ဒီတောင်ဝှေးကို အပ်ခဲ့မယ် ကျုပ်တစ်ခုခု ဖြစ်သွားခဲ့ရင် ဒီတောင်ဝှေးကို သင်ယူလိုက်ပါ ဒီတောင်ဝှေးနဲ့ တို့လိုက်ရင် အသီးမသီးတဲ့ အပင် ပန်းမပွင့်တဲ့ အပင်တွေတောင် ချက်ချင်း သီးပွင့်လာနိုင်တဲ့ အစွမ်း ရှိတယ် ဒီတောင်ဝှေးကို မြေကြီးပေါ် ဆောင့်ချလိုက်ရင် မြေစောင့်နတ်နဲ့ မြေဖုတ်ဘီလူးတို့ တောင် ထွက်ပြေးကြရတယ် သင်တို့ ကို ယုံကြည်ပါတယ် ကျုပ်ဖိုဝင်တော့မယ်" လို့ ပြောပြီး မြောင်းရဲ့ အောက်ဘက် အစွန်ဆုံးနေရာမှာ ထိုင်ချပြီး မျက်လုံးကို စုံမှိတ်လိုက်တယ်။

မျက်လုံးမှိတ်ပြီး နှုတ်ကနေ မန္တန်တစ်ပုဒ်ကို ရွတ်လိုက်ရင်ပဲ ခန္ဓာကိုယ်ထဲကနေ စူးရှတဲ့ အလင်းတန်းတစ်ခု ထိုးထွက် လာပြီး ခန္ဓာကိုယ်က တဖြည်းဖြည်း သေးငယ်လာခဲ့တယ်။

စူးရှတဲ့ အလင်းတန်းတွေ ပျောက်ဆုံးသွားချိန်မှာ တော့ တစ်တောင်လောက်ရှိတဲ့ အသားတုံးကြီး အဖြစ် ပြောင်းလဲသွားတာကို ထူးဆန်းစွာ မြင်တွေ့လိုက်ရတယ်။

အသားတုံးအပေါ်မှာ ကျန်နေတဲ့ အဝတ်အစားတွေကို ယောဂီဝတ်လူငယ်ရဲ့ ဘေးမှာ ပါလာတဲ့ လူငယ်နှစ်ယောက်က ချွတ်ယူပြီး လွယ်အိတ်ထဲမှာ ထည့်ထားလိုက်တယ်။

ယောဂီဝတ်လူငယ် (အောင်မြတ်သာ)လည်း ဖိုဝင်မယ့်ပုဂ္ဂိုလ် မှာ ခဲ့တဲ့ အတိုင်း အနီရောင် ဆေးလုံးကို မြောင်းရဲ့ ထိပ်ဝမှာ တင်လိုက်တယ်။

ပထမဆေးလုံး တင်ပြီးတဲ့ အချိန် ဘေးကပိန္နဲပင်ရဲ့ ပင်စည်ကနေ ထွက်လာတဲ့ ပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရတယ်။ ပိန္နဲပင်ထဲက ထွက်လာတဲ့ ပုဂ္ဂိုလ်က ယောဂီဝတ် လူငယ်ကိုကြည့်ပြီး

"ကျုပ်က ပိန္နဲပင်စောင့်နတ်ပါ သင်တို့ ကို အကူအညီတောင်းတဲ့ ပုဂ္ဂိုလ်က လွန်ခဲ့တဲ့ နှစ်ဘဝက ကျုပ်ရဲ့ သားတော်စပ်ခဲ့ပါတယ် ခုနက သူ့ နောက်ဆုံး ဖိုဝင်မယ့်အချိန် ကျုပ်နတ်သဘင် အစည်းအဝေးသွားနေလို့ မမီလိုက်ဘူး ကျုပ်ရှိတဲ့ နေရာမှာ ဖိုဝင်မယ်ဆိုတာ ကျုပ်ကို အစထဲက ပြောခဲ့တယ် အခု ကျုပ်နည်းနည်း နောက်ကျသွားလို့ ကျုပ်သား မှာထားတဲ့ အရာ ပေးဖို့ မမီလိုက်ဘူး" ဆိုပြီး စိတ်မကောင်းတဲ့ မျက်နှာနဲ့ ပြောတော့ အောင်မြတ်သာက "အသင် စိတ်ကျေနပ်အောင် ကျုပ်တို့ ဘာလုပ်ပေးရမလဲ" လို့ မေးလိုက်တော့ ပိန္နဲပင်စောင့်နတ်ရဲ့ မျက်နှာတစ်ချက်တည်း ဝင်းသွားပြီး

"ကျုပ်သားရဲ့ ကိုယ်ပွားရှိတဲ့ နေရာမှာ ဒီအမွှေးနံ့သာလေး ဖျန်းပေးရုံပါပဲ ဒီအမွှေးနံ့သာကို သူ အရမ်းကြိုက်တာ" လို့ ပြောပြီး လက်ထဲမှာ ကိုင်ထားတဲ့ နံ့သာရည်ဘူးလေးကို ပြလိုက်တယ်။

အောင်မြတ်သာက ပိန္နဲပင်စောင့်နတ် လုပ်ချင်တဲ့ အတိုင်း လုပ်ဖို့ ခွင့်ပြုလိုက်ပြီး ဘေးကနေ ကြည့်နေလိုက်တယ်။